# မြန်မာစကားပုံများ ဆိုရိုးစကားများမှ ယုံကြည်မှုဆိုင်ရာ ဓလေ့ထုံးတမ်းများ လေ့လာချက်

ဥမ္မာ*


## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေတွင်ရှိသော၊ မြန်မာလူမျိုးများ ပြောဆိုသုံးစွဲနေသော မြန်မာစကားပုံများ၊ ဆိုရိုးစကားများမှ ယုံကြည်မှုဆိုင်ရာ ဓလေ့ထုံးတမ်းများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်းတွင် မြန်မာစကားပုံများ၊ ဆိုရိုးစကားများကို မြန်မာ့ယုံကြည်မှုဆိုင်ရာ ဓလေ့ထုံးတမ်း အစဉ်အလာနည်းနာများဖြင့် လေ့လာတင်ပြ ထားပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချကမှာ မျိုးရိုးစဉ်ဆက် လိုက်နာခဲ့သော ဓလေ့ထုံးတမ်းစဉ်လာများကို သိစေလိုခြင်း၊ ထိန်းသိမ်းစေလိုခြင်း ဖြစ်ပါသည်။ ဤစာတမ်းကို လေ့လာရာတွင် မြန်မာစာအဖွဲ့မှ ထုတ်ဝေသော မြန်မာ စကားပုံ (၁၉၉၁)နှင့် မြန်မာဆိုရိုးစကား (၁၉၉၆)ကို အလေ့လာခံအဖြစ်ထားကာ မည်သို့ ယုံကြည်လိုက်နာကြသည်ကို လေ့လာထားပါသည်။ ဤစာတမ်းသည် ယုံကြည်မှုကို အခြေခံကာ မြန်မာတို့၏ လိုက်နာကျင့် သုံးသော အစဉ်အလာကို သိရှိ စေပါသည်။


သော့ချက်ဝေါဟာရများ – စကားပုံ၊ ဆိုရိုး၊ ဘာသာရေး၊ အိမ်ထောင်ရေး၊ မိဘ၊ ဆရာ၊ မျိုးရိုး ကျေးဇူးတရား။

## နိဒါန်း

မြန်မာစာပေနှင့် မြန်မာမှုနယ်ပယ်တွင် လက်ခံကျင့်သုံးနေကြသော စကားပုံများ၊ ဆိုရိုးစကားများသည် လူကြီးမိဘများက လူငယ်များကို လမ်းညွှန်ပြသသော လမ်းညွှန်ချက်များပင် ဖြစ်သည်။ ထိုစကားပုံများ၊ ဆိုရိုးစကားများသည် ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေတို့ကို အခြေခံ၍ ပေါ်ပေါက်လာခဲ့ကြသည်။ ယင်းတို့ကို လူကြီးမိဘတို့က အစဉ် အဆက် လိုက်နာကျင့်သုံး ခဲ့ကြသော်လည်း အချို့သောနှောင်းလူများက ရှေးထားများကို ပစ်ပယ်လာကြပါသည်။ သို့သော် အများ အားဖြင့် လက်ခံကျင့်သုံးနေကြဆဲဖြစ်ပါသည်။ ထိုသို့ လိုက်နာကျင့်သုံးကြသည်များမှ ဘာသာရေး၊ အိမ်ထောင်ရေး၊ မိဘဆရာ၊ မျိုးရိုး၊ ကျေးဇူးတရားတို့နှင့် စပ်လျဉ်းသော ယုံကြည်မှုဓလေ့ ထုံးတမ်းများ ကို လေ့လာတင်ပြထားပါသည်။ မြန်မာစကားပုံနှင့်ဆိုရိုးစကားများကိုလေ့လာသည့် သုတေသနများ ရှိပါသည်။ မသင်းသင်းညွန့်၏ မြန်မာစကားပုံများလေ့လာချက်(အတ္ထဗေဒ) ပါရဂူကျမ်း၊ မခိုင်ခိုင်မြင့်

---

* ကထိက၊ဒေါက်တာ၊ မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

၏ ရခိုင်စကားပုံများလေ့လာချက်(လူမှုဘာသာဗေဒ)ပါရဂူကျမ်း(ပြုစုဆဲ)တို့ကစကားပုံများကိုအတ္ထဗေဒ၊ လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာခြင်းဖြစ်ပါသည်။ ဤစာတမ်းတွင် အခြားသူများလေ့လာခဲ့ဖူးခြင်း မရှိသေးသော ယုံကြည်ဆိုင်ရာဓလေ့ထုံးတမ်းများကို ခွဲခြားလေ့လာထားပါသည်။

ဤသုတေသနစာတမ်းတွင် စကားပုံ၊ ဆိုရိုးဟူသည်အဘယ်နည်း၊ မြန်မာစကားပုံဆိုရိုးများမှ ယုံကြည်ကိုးကွယ်မှုဓလေ့ထုံးတမ်းများကို မည်ကဲ့သို့ကျင့်သုံးကြသနည်း၊ မြန်မာ့လူမှုအဖွဲ့အစည်း အတွက် မည်သို့အထောက်အကူပြုသနည်း ဟူသည့် သုတေသနမေးခွန်းများအတွက် လေ့လာဖော်ထုတ် ထားသောစာတမ်းဖြစ်ပါသည်။

ဤစာတမ်းသည် မြန်မာစကားပုံများ ဆိုရိုးစကားများမှ ယုံကြည်မှုဆိုင်ရာဓလေ့ထုံးတမ်းများကို လေ့လာသည့်အတွက် မြန်မာစာအဖွဲ့မှထုတ်ဝေသော မြန်မာစကားပုံစာအုပ်၊ မြန်မာဆိုရိုးစကားများ စာအုပ်၊ မြန်မာအဘိဓာန်စာအုပများမှ ဖွင့်ဆိုချက်များ၊ အချက်အလက်များ၊ အထောက်အထားများ၊ ဆရာမကြီးဒေါ်ပိုနှင့်အများ ပြုစုသော မြန်မာတိုင်းရင်းသားစကားပုံများစာအုပ်မှ အယူအဆများ၊ သတ်မှတ်ချက်များ၊ နည်းနာများကို ဤသုတေသနစာတမ်းတွင် အကိုးအကားအထောက်အထား၊ နည်းနာများအဖြစ် သတ်မှတ်သုံးစွဲထားပါသည်။

## ၁။ စကားပုံနှင့် ဆိုရိုးစကားအဓိပ္ပာယ်

### ၁၊ ၁။ စကားပုံဟူသည်

လူအများသည် စကားပြောဆိုရာတွင် တိုတိုကျဉ်းကျဉ်းနှင် လိုရင်းရောက်အောင် စကားပုံများနှင့် ခိုင်းနှိုင်းပြောဆိုလေ့ ရှိကြပါသည်။ ထို့ကြောင့် မြန်မာစကားပစာအုပ်တွင်

> စကားပုံဟူသည် လူအများဆင်ခြင် မှတ်သားဖွယ်ဖြစ်အောင် စံပြုပုံခိုင်း အသုံးပြုလေ့ရှိသော ထိရောက်ကျစ်လျစ်သည့် စကားရပ်[၁]

ဟု ဖော်ပြထားပါသည်။ မြန်မာအဘိဓာန် အကျဉ်းချုပ် အတွဲ(၁)တွင်လည်း

> စကားပုံ – န/ဇဂပုန်/အနက်အဓိပ္ပာယ် ပြည့်စုံ၍ လူအများ စံပြုပုံခိုင်း ပြောလေရှိသော စကား၊ ပြောထးစကား[၂]

ဟု ဖော်ပြထားပါသည်။

မြန်မာတိုင်းရင်းသား စကားပုံများတွင်

> စကားတိုတိုကျဉ်းကျဉ်းနှင့် လိုရင်းရောက်အောင် ပုံဆောင်၍ ဖွဲ့ထားသော စကားစု ဖြစ်သည်။[၃]

ဟု ဖော်ပြထားပါသည်။

ထို့ပြင် မြန်မာ့စွယ်စုံကျမ်း အတွဲ(၃)တွင်လည်း

> စကားပုံဆိုသည်မှာ စကားပြောဆရာတွင် ပိုမိုထိရောက်စေရန် ခိုင်းနှိုင်း ပြောဆိုလေ့ရှိသော စကားတစ်မျိုး ဖြစ်သည်။[၄]

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၂။
[၂] ယင်း၊ ၁၈၀။
[၃] ပို၊ ဒေါ်၊ ၁၉၈၁၊ နိဒါန်း။
[၄] မြန်မာ့စွယ်စုံကျမ်း၊ ၁၉၅၉၊ ၂၆၇။

ဟု တင်ပြထားပါသည်။

ထို့ကြောင့် စကားပုံဟူသည် လူအများ နားလည်သဘောပေါက် လက်ခံလာစေရန် စကားကို တိုတိုကျဉ်းကျဉ်းနှင့် အဓိပ္ပာယ်လေးနက်စွာ ခိုင်းနှိုင်း ပြောဆိုသောစကား ဖြစ်ပါသည်။ စကားပုံများနှင့် ခိုင်းနှိုင်း ပြောဆိုပါက နားလည်လွယ်၍ သုံးမရာတွင် ထိရောက်လွယ်ကူမှု ရှိသည်ဟု ဆိုရပါမည်။

၁၊ ၂။ ဆိုရိုးစကားဟူသည်

လူအများ ဆင်ခြင်မှတ်သားဖွယ် ဖြစ်စေရန် ပြောဆိုသုံးမရာတွင် စကားပုံနှင့် ခိုင်းနှိုင်းပြောဆို ကြသကဲ့သို့ ဆိုရိုးများနှင့်လည်း သုံးမကြပါသည်။ စကားပုံနှင့် ဆိုရိုးကွဲပြားစေသည့် အချက်မှာ

> "ပုံခိုင်းသည့်သဘော၊ တင်စားသည့်သဘောမပါဘဲ ဆိုလိုရင်းကို ထိထိမိမိ ဖော်ပြရုံသာ ဖြစ်သည်"။[၁]

ဟု လည်းကောင်း

> "ထိရောက်သော ပုံခိုင်းမှုနှင့် မှတ်သားဖွယ်ရာ ဆင်ခြင်ဖွယ်ရာ အချက်တို့ ပါဝင်သော်လည်း ပုံခိုင်းမှုသာမက ဆိုလိုရင်းပါ ပါဝင်ပြီး ဖြစ်၍ စကားပုံ အဖြစ် မယူပါ၊ ဆိုရိုးဟုသာ သတ်မှတ်ပါသည်။"[၂]

ဟု လည်းကောင်း မြန်မာစကားပုံ နိဒါန်းတွင် ဖော်ပြထားပါသည်။

မြန်မာအဘိဓာန်တွင်လည်း

> "ဆိုရိုးစကား၊ ဆိုယိုးဇဂါး/န–အစဉ်အလာ ပြောဆိုခဲ့ကြသော မှတ်သား ဖွယ်ရာစကား။"[၃]

ဟု ဖော်ပြထားပါသည်။

ထို့ကြောင့် ဆရိုးစကားဟူသည် မိမိပြောလိုသည့်အချက်၏ ဆိုလိုရင်းကို ထိမိစွာ ပြောဆို သော စကားဖြစ်ပါသည်။

၂။ ယုံကြည်မှုဆိုင်ရာ ဓလေ့ထုံးတမ်းများ လေ့လာချက်

မြန်မာလူမျိုးများသည် စကားပုံများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ ကြပါသည်။ ထိုစကားပုံများဖြင့်ပင် သုံးမလမ်းညွှန် သုံးမခဲ့ကြပါသည်။ ယခုထက်တိုင် မျိုးရိုးစဉ်ဆက် ကျင့်သုံး လမ်းညွှန်သုံးမခဲ့ကြသည့် စကားပုံများမှ မြန်မာ့ယုံကြည်မှုဆိုင်ရာဓလေ့ ထုံးတမ်းစဉ်လာများကို လေ့လာတင်ပြပါမည်။

ယုံကြည်မှုဓလေ့ထုံးတမ်းစဉ်လာနှင့်စပ်လျဉ်း၍ မြန်မာအဘိဓာန်တွင်

ယုံကြည် ၊ ကြိ၊ ၁။အမှန်အဖြစ်မှတ်ယူသည်။ ၂။စိတ်ချသည်[၄]

ဟုလည်းကောင်း

ဓလေ့ ၊န၊ ထုံးစံ၊ အလေ့[၅]

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၂။
[၂] –ယင်း–၊ ၃။
[၃] –ယင်း–၊ ၁၂၁။
[၄] –ယင်း–၊ ၂၀၀၈၊ ၃၀၂။
[၅] –ယင်း–၊ ၁၈၄။

ဟုလည်းကောင်း

ထုံးတမ်းစဉ်လာ ၊နှ၊ အစဉ်အလာလိုက်နာမှတ်သားဖွယ်ရာ။ ဓလေ့ထုံးစံ။[၁]

ဟုလည်းကောင်း ဖွင့်ဆိုထားပါသည်။

ထိုဖွင့်ဆိုချက်များအရ ယုံကြည်မှုဓလေ့ထုံးတမ်းစဉ်လာဆိုသည်မှာ မှန်ကန်သောအလေ့အထကိုမျိုးရိုးစဉ်ဆက် လက်နာကျင့်ဆောင်ခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာလူမျိုးတို့သည် မျိုးရိုး စဉ်ဆက် လိုက်နာကျင့်သုံးခဲ့သော အလေ့အထများကို ဆက်လက်ကျင့်သုံးခဲ့ကြပါသည်။ ထိုဓလေ့များ မှ အခြေခံကျသော ဘာသာရေးနှင့် စပ်လျဉ်းသော ယုံကြည်မှုဓလေ့ထုံးတမ်းများ၊ အိမ်ထောင်ရေးနှင့် စပ်လျဉ်းသော ယုံကြည်မှုဓလေ့ထုံးတမ်းများ၊ မိဘဆရာနှင့်စပ်လျဉ်းသော ယုံကြည်မှုဓလေ့ ထုံးတမ်း များ၊ မျိုးရိုးနှင့် စပ်လျဉ်းသော ယုံကြည်မှုဓလေ့ထုံးတမ်းများ နှင့် ကျေးဇူးတရားနှင့် စပ်လျဉ်းသော ယုံကြည်မှုဓလေ့ထုံးတမ်းများကို လေ့လာတင်ပြပါမည်။

## ၂၊ ၁။ ဘာသာရေးနှင့်စပ်လျဉ်းသော ယုံကြည်မှုဓလေ့ထုံးတမ်းများ

မြန်မာလူမျိုးတို့သည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်ကြပါသည်။ ထိုကိုးကွယ်ယုံကြည်မှုများတွင်

"ဘုရားဖက်အသက်ရှည်၊[၂]

တရားဖက်အမျက်ပြေ၊[၃] သံဃာဖက်အခက်ဝေ၊[၄]"

ဒါနနှင့်သီလမပါ သေခါမှသိ[၅]

ဟူသော ဆိုရိုးတို့လည်း ပါဝင်ပါသည်။ ထိုဆိုရိုးစကားအရ မြန်မာလူမျိုးတို့၏ ဘာသာရေးအပေါ်ထားရှိသော ယုံကြည်မှုကို တွေ့ရပါသည်။ မြန်မာလူမျိုးများသည် ဘုရားရှင်ကို ဆည်းကပ်ကိုးကွယ် ပါက စိတ်ငြိမ်းချမ်းမှု ရရှိကာ အသက်ရှည်ခြင်း၊ အနာမဲ့ခြင်းများ ရရှိနိုင်ကြောင်း ယုံကြည်ကြပါသည်။ ယင်းသို့ ယုံကြည်သည့်အလျောက် ဘုရားရှင် သက်တော်ထင်ရှား မရှိသည့်အချိန၊ ပရိနိဗ္ဗာန် စံတော်မူ ပြီးသည့်အချိန် ဖြစ်သည့်အတွက် ဘုရားရှင်၏ ကိုယ်ပွားတော်ဖြစ်သော ဘုရားပုထိုးစေတီသို့ သွား၍ ကောင်းမှုကုသိုလ်များ ပြုလုပ်ကြပါသည်။

"တရားဖက်တော့ အမျက်ပြေ" ဆိုသည်မှာ တရားတော်ကို ဆည်းကပ်ကိုးကွယ်ခြင်းဖြင့် ဒေါသ တရားများ ငြိမ်းအေးပြေပျောက်နိုင်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ဘုရားရှင်ဟောကြားတော်မူခဲ့ သော တရားတော်များသည် လူသားတို့တွင် ဖြစ်လေ့ရှိသော လောဘ၊ ဒေါသ၊ မောဟ တရားများကို ငြိမ်းအေးစေသည်။ အမှန်တရားကို သိမြင်စေသည်ဟု ယုံကြည်ကြပါသည်။

ထို့အတူ "သံဃာဖက်တော့ အခက်ဝေ" ဟူသော ဆိုရိုးသည် သံဃာကို ဆည်းကပကိုးကွယ် ခြင်းဖြင့် မိမိဘဝ၌ ချမ်းသာကြီးပွားနိုင်သည်ဟု အဓိပ္ပာယ် ရရှိပါသည်။ သံဃာတော်များ

---

[၁] မြန်မာစာအဖွဲ့၊၂၀၀၈၊ ၁၇၄။

[၂] -ယင်း-၊ ၁၉၉၆၊ ၁၄၂။

[၃] -ယင်း-၊ ၈၀။

[၄] -ယင်း-၊ ၂၄၇။

[၅] -ယင်း-၊ ၁၉၄။

သည် မိမိ၏ ဒါယကာ၊ ဒါယိကာမ၏ အကျိုးကို ရှေ့ရှုကာ နည်းလမ်းကောင်းများကို တရားမှလည်းကောင်း၊ အတွေ့အကြုံများမှလည်းကောင်း လမ်းညွှန်မှုကောင်းများ ပေးလေ့ရှိပါသည်။ မိမိတို့တွင် တစ်စုတစ်ရာ အခက်အခဲများရှိပါက သံဃာတော်များထံ ဆည်းကပ်၍ လမ်းညွှန်မှုကောင်းများ တောင်းခံနိုင်ပါသည်။ ထိုသို့ တောင်းခံပါက ဘဝအတွက် အရေးပါသော ကိုယ်ကျန်းမာစိတ်ချမ်းသာမှုများ ရရှိနိုင်သည်ဟု နားလည် လက်ခံထားကြပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် မိမိဘဝတွင် အခက်အခဲများနှင့် မကြုံတွေ့သော်လည်း ရသည့်အချိန်များတွင် ဘုရားကျောင်းကန်များသို့ သွား၍ ကောင်းမှုကုသိုလ်များ ပြုလုပ် ကြသည်။ တရားဘာဝနာများ ကျင့်ကြံအားထုတ်ကြပါသည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရိုသေစွာ ဆည်းကပ်ပြီး လိုက်နာကျင့်ကြံပါက ဘဝတစ်သက်တာလုံး အေးချမ်းသာယာ တးတက်နိုင် ကြောင်း ယုံကြည်ကြပါသည်။ ထို့သို့ ယုံကြည်သည့်အလျောက် ဘဝတစ်သက်တာလုံး ရတနာသုံးပါး ကို ယုံကြည်ဆည်းကပ်၍ နေထိုင်လေ့ ရှိကြပါသည်။

ထို့ပြင် သတ္တဝါတို့သည် သံသရာတွင် ကျင်လည်လှုပ်ရှားနေကြရကြောင်း ယုံကြည်ကြပါသည်။ ယုံကြည်သည့်အလျောက် ဒါနနှင့် သီလကို တတ်စွမ်းသမျှ ပြုလုပ်ကြပါသည်။ ဒါန၊ သီလနှင့် ဘာဝနာ မပါပါက သံသရာတွင် ကျင်လည်သမျှ အသက်ရှည်ခြင်း၊ ချမ်းသာကြီးနှင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ခြင်းများ မခံစားရမည်ကို စိုးရိမ်ပူပန်ကြပါသည်။ ထိုသို့ ပူပန်ခြင်းကို ‘ဒါနနှင့် သီလ မပါ သေခါမှသိ’ ဟူသော ဆိုရိုးနှင့် ပုံဆောင်ခဲ့ကြပါသည်။ ဒါနမပြုမိ၊ သီလမဆောက်တည်မိ၍ ကုသိုလ် မရသည်ကို သေလွန်သောအခါမှ နောင်တရမည်ဖြစ်ကြောင်း ပြဆိုထားသော ဆိုရိုးစကား ဖြစ်ပါသည်။ နောင်တမရစေရန် သက်ရှိထင်ရှားရှိချိန်တွင် ဒါန၊ သီလတို့ကို ကြိုးစားအားထုတ်စေလို သဖြင့် ဆိုရိုးဖြင့် လမ်းညွှန်ခဲ့ခြင်း ဖြစ်ဟန် တူပါသည်။

မြန်မာလူမျိုးများသည် ကံ ကံ၏ အကျိုးကို လက်ခံယုံကြည်ကြပါသည်။ ယုံကြည်သည့် အလျောက် ကံနှင့် စပ်လျဉ်းသော စကားပုံများဖြင့် ဖော်ညွှန်းခဲ့ကြပါသည်။ ယင်းတို့မှာ –

ကံကောင်းတဲ့ကျား သွားရင်းသမင်တွေ့[၁]

ကံသာလျှင်အမိ ကံသာလျှင်အဖ[၂]

တို့ ဖြစ်သည်။ ကံဟူသည်မှာ ပါဠိဝေါဟာရ “ကမ္မ” က မြန်မာမှုပြုထားခြင်း ဖြစ်သည်။ အနက် အဓိပ္ပာယ်မှာ “အလုပ်” ဖြစ်သည်။ ထိုဝေါဟာရကဲ့သို့ပင် ကိစ္စအဝဝကို မိမိ၏ ကိုယ်ပိုင်အစွမ်းအစဖြင့် လုပ်ဆောင်ရန် လိုအပ်သည်ကို လမ်းညွှန်ပြထားသော စကားပုံများပင် ဖြစ်သည်။ ကောင်းမွန်မှန်ကန် သော လုပ်ရပ်လုပ်ဆောင်သောသူသည် မမျှော်လင့်ဘဲ အခွင့်ကောင်းနှင့် ကြုံတွေ့ရပါက “ကံကောင်းတဲ့ ကျား သွားရင်းသမင်တွေ့” ဟု ပြောဆို သုံးစွဲကြပါသည်။ မျှော်လင့်ထားခြင်း မရှိသော လုပ်ငန်းများ ရုတ်တရက် အဆင်ပြေ အောင်မြင်လိုသည့်အခါ ကောင်းမွန်မှန်ကန်သော လုပ်ငန်းများ လုပ်ကိုင်ခဲ့သော ကြောင့် ဟု ယုံကြည်လက်ခံကြပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၃။
[၂] –ယင်း–၊ ၇။

လက်ရှိခံစား ခံစားနေရသော ကောင်းကျိုးဆိုးကျိုးများသည မိမိပြုလုပ်ခဲ့သော ကံအတိုင်းသာ ခံစားရခြင်း ဖြစ်သည်။ မိမိသည် ကောင်းမွန်သော စိတ်ထားဖြင့် နေထိုင်ပါက ကောင်းသောကံနှင့် ကြုံတွေ့မည် ဖြစ်သည်။ ထိုကံသည် အမိအဖသဖွယ် အားကိုးအားထားရာဖြစ်ကြောင်းကို "ကံသာလျှင် အမိ ကံသာလျှင်အဖ" ဟူသော ဆိုရိုးစကားဖြင့် လမ်းညွှန်ထားပါသည်။ ထိုဆိုရိုးစကားသည် ဘုရားရှင် ဟောကြားတော်မူခဲ့သော အဘိဓမ္မာသုတ်မှ "ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓုက မပဋိသရဏော" ဟူသော စကားကို အခြေခံထားကာ လမ်းညွှန်းထားခြင်း ဖြစ်ဟန်တူပါသည်။

ထို့ပြင် မိမိကံကောင်းနေသည်ဟု ယုံမှတ်ပြီး မလျော်ကန်သော အလုပ်များ လုပ်ကိုင်မိပါက ဆိုးကျိုးများ ခံစားရတတ်ကြောင်းကိုလည်း "ကံယုံ၍ ဆူးပုံမနင်းရာ" [၁] ဟူသော စကားပုံနှင့် လမ်းညွှန် ထားပါသည်။ ဒုက္ခဖြစ်စေနိုင်သော ကိစ္စမှန်သမျှ ကံကို ယုံကာ မပြုလုပ်သင့်ကြောင်း ဖော်ပြထားခြင်း ပင် ဖြစ်သည်။ ထို့အတူ အန္တရာယ်ရှိသော ကိစ္စတွင် မိမိ၏ ကံကို ယုံကြည်ကာ အတင့်မရဲသင့်ကြောင်း ကို "ကျားရဲရာကြမ့်မှာ မရိုးသာ" [၂] ဟု အသိပေးထားပါသည်။ ကံကိုသာ ယုံကြည်ပြီး ပုံအပ်မထားသင့် ကြောင်း အသိဉာဏ်နှင့် ယှဉ်ကာ ဆုံးဖြတ်လုပ်ကိုင်သင့်ကြောင်း အသိပေးလမ်းညွှန်ထားသော စကားပုံ ဖြစ်ပါသည်။

ကံအကြောင်းမလှသူများသည် ကံဆိုးမှု ဒုက္ခများနှင့် ထပ်မံရင်ဆိုင်ကြရသည်။ ကံအကြောင်း မလှ၍ အဆင်မပြေမှုများ ကြုံတွေ့နေရသောသူကို ဒုက္ခများက ထပ်ကြပ်မကွာ လိုက်လံ၍ ဆိုးကျိုးများ ပေးတတ်ကြောင်းကို "ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာ" [၃] စကားပုံဖြင့် အသိပေးထားပါသည်။ ထို့အတူ အဆင်မပြေနေသောသူ့အတွက် ကိစ္စတိုင်းသည် အောင်မြင်မှု မရရှိဘဲ ဆုံးရှုံးမှုများနှင့်သာ ရင်ဆိုင်တွေ့ကြုံတတ်ကြောင်းကို "ကံမရှိ ဉာဏ်ရှိတိုင်းမွဲ" [၄] ဟူသော စကားပုံဖြင့် လမ်းညွှန်ထားပါ သည်။ ကံဆိုးမှုများနှင့် တွေ့ကြုံရတတ်သော လူ့သဘာဝများကို ဖော်ပြပြီး နေထိုင်တတ်စေရန် သုံးစွဲ ပြောဆို ကြပါသည။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် ဘုရားရှင်၏ ကိုယ်စားတော်များကို သက်ဝင်ယုံကြည် ကိုးကွယ်ကြပါသည်။ ထိုသို့ ယုံကြည်သည့်အလျောက် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော အကျိုး ကောင်းမွန်ရေးအတွက် ကံ ကံ၏အကျိုးကို ယုံကြည်ကြသည်ကို တွေ့ရပါသည်။ ရှေးဘိုးဘွားများမှစ၍ ယုံကြည်လိုက်နာခဲ့သော ဘာသာရေးနှင့် စပ်လျဉ်းသော ယုံကြည်မှုစဉ်လာများကို နှောင်းလူများ မပါ လိုက်နာပြောဆို သုံးစွဲကြသည်ကို တွေ့ရှိရပါသည်။

## ၂၊ ၂။ အိမ်ထောင်ရေးနှင့်စပ်လျဉ်းသော ယုံကြည်မှုဓလေ့ထုံးတမ်းများ

မြန်မာလူမျိုးများသည် တစ်လင် တစ်မယားစနစ်ကို လက်ခံကျင့်သုံးကြပါသည်။ အိမ်ထောင်ပြုမှုကို အလေးထားကြပါသည်။ အလေးထားသော အိမ်ထောင်ရေးကိုလည်း ထင်းပုံခေါင်းချ ပေါင်းသင်းလိုကြ သည်။ မြန်မာလူမျိုးများသည် အိမ်ထောင်ရေးကို သာယာချမ်းမြေ့သော

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၄။
[၂] -ယင်း-၊၁၅။
[၃] -ယင်း-၊၃။
[၄] -ယင်း-။

အိမ်ထောင်ဖြစ်ပြီး အိမ်ထောင် သက်ရှည်လိုကြသည်။ အိမ်ထောင်ပြုခြင်းသည် ပြင်ဆင်ရန် ခက်ခဲသောအရာဖြစ်သည်။ ထိုသို့ ပြင်ဆင် ရန် ခက်ခဲသော အိမ်ထောင်ရေးကို မပြုလုပ်မီက စဉ်းစားဆုံးဖြတ်ရန် လိုအပ်ကြောင်းကို

အိမ်ထောင်မှုဘုရားတည် ဆေးမင်ရည်စုတ်ထိုး[၁]

ကုန်ရှုံးလျင်တစ်ခေါက် လင်ကုန်ရှုံးလျှင် တစ်သက်လုံးမှောက်[၂]

ဟူသော ဆိုရိုးစကားများနှင့် လမ်းညွှန်ခဲ့ကြပါသည်။ အိမ်ထောင်ပြုခြင်း၊ ဘုရားတည်ခြင်းနှင့် ဆေးမင် ရည်စုတ်ထိုးခြင်းတို့သည် တစ်ကြိမ်တစ်ခါ မှားယွင်းသွားသည်ဟု ဆိုကာ ပြန်လည်ပြင်ဆင်၍ မရသော အရာများဖြစ်သည်။ အိမ်ထောင်ပြုခြင်းကို မှားယွင်းစွာ ပြုခဲ့ကြောင်းဟု ဆိုကာ မကြာခဏ ပြင်ဆင်ပါ က လူအများ၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရမည် ဖြစ်သည်။ ဤအပြုအမူကို မြန်မာ့လမှုအသိုင်းအဝိုင်းက လည်း လက်သင့်မခံသော အမှုကိစ္စ ဖြစ်သည်။

ဘုရားတည်ရာတွင်လည်း အလှူရှင်များသည် ပြန်လည်ဖြိုဖျက်ကာ ပြင်ဆင်ခြင်း မပြုလုပ်ကြ ပါ။ ဆေးမင်ရည်စုတ်ထိုးခြင်းသည် အရေပြားတွင် တစ်သက်စာ စွဲထင်ရသောအရာ ဖြစ်သည်။ ကွယ်လွန်သည့်တိုင်အောင် ပယ်ဖျောက်မရသော အရာ ဖြစ်သည်။ ထို့ကြောင့် ပြင်ဆင်ရန် ခက်ခဲသော အလုပ်များကို လုပ်မည်ဆိုပါက စေ့စပ်သေချာစွာ စဉ်းစားဆုံးဖြတ် လုပ်ကိုင်သင့်ကြောင်း လမ်းညွှန် ပြထားသော ဆိုရိုးစကားများ ဖြစ်ပါသည်။

ကုန်ရောင်းကုန်ဝယ်ပြုလုပ်ရာတွင် တစ်ခေါက်မှားသော်လည်း ထိုအမှားမှ သင်ခန်းစာယူကာ ပြင်ဆင်ခွင့် ရှိပါသည။ လုပ်ငန်းမှ သင်ကြားပြသပေးသဖြင့် နောင်အကြိမ်များတွင် လုပ်ငန်းများ နားလည်ကျွမ်းကျင်သွားမည်ဖြစ်ပါသည်။ သို့သော် အိမ်ထောင်ပြုရာတွင်မူ မှားယွင်းစွာ အိမ်ထောင်ပြု မိပါက အမှားပြင်ဆင်ခွင့်၊ သင်ခန်းစာယူခွင့် မရှိပါ။ မိမိလက်တွဲထားသူနှင့်သာ နောင်တတရား လက်ကိုင်ထားကာ တစ်သက်တာလုံး လက်တွဲသွားရမည်သာဖြစ်သည်။ ဤသို့သော အမှားများ မပြုလုပ်မိစေရန် “ကုန်ရှုံးလျှင် တစ်ခေါက်၊ လင်ကုန်ရှုံးလျှင် တစ်သက်လုံးမှောက်” ဟု အသိပေး လမ်းညွှန်ခဲ့ကြပါသည်။

အိမ်ထောင်ပြုရာတွင်လည်း မိမိ၏ ပတ်ဝန်းကျင်သည် အရေးပါပါသည်။ ရှေးလူကြီးသူမများ သည် ပတ်ဝန်းကျင်ကို မိသားစု ဆွေမျိုးသဖွယ် သဘောထားကာ နေထိုင်ခဲ့ကြပါသည်။ ထိုသို့ နေထိုင် သည့်အတွက် ပတ်ဝန်းကျင်သည် မိမိမိသားစုအတွက် ကောင်းမွန်သော မိတ်ဆွေ၊ ဆွေမျိုးရင်းချာပမာ စောင့်ရှောက်ကူညီပေးကြပါသည်။

စဉ်းစားဆင်ခြင်၍ ပြုထားသော အိမ်ထောင်များတွင် အိမ်ရှင်မသည်လည်း အရေးပါပါသည်။ ဇနီးဖြစ်သူသည် မိမိ၏ခင်ပွန်း ရှာဖွေထားသော စီးပွားဥစ္စာများ အလေအလွင့် မရှိအောင်၊ နည်းပါး အောင် စနစ်တကျ သုံးစွဲတတ်ရန် လိုအပ်ပါသည်။ ထိုသို့ သုံးစွဲတတ်စေရန် “ဥစ္စာဖြို စားဖိုက” [၃] ဟူသော စကားပုံဖြင့် ဆုံးမထားပါသည်။ အိမ်ထောင်တစ်ခု၏ ငွေယိုပေါက်များတွင် စားဖိုချောင်သည တစ်ခုအပါအဝင် ဖြစ်သည်။ ထို့ကြောင့် မီးဖိုချောင်၏

---

[၁] –ယင်း–၊ ၁၉၉၆၊ ၂၉၉။
[၂] –ယင်း–၊ ၈။
[၃] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၂၉၉။

အသုံးစရိတ်ကို ချွေတာသုံးစွဲရန် လိုကြောင်း၊ စနစ်တကျ မသုံးစွဲပါက အိမ်၏စီးပွား ယိုစီးတတ်ကြောင်း ဆုံးမထားခြင်းပင် ဖြစ်သည်။ ထို့ပြင် သုံးသင့်သုံးထိုက်သည်များ၊ ကုန်သင့်ကုန်ထိုက်သည်များကိုသာ စနစ်တကျသုံးစွဲရန်၊ အသုံးနှင့် အဖြုန်း ခွဲခြားသိရန် "စီးတဲ့ရေ ဆည်တဲ့ကန်သင်း" [၁] ဟူသော စကားပုံဖြင့်လည်း လမ်းညွှန်ထားပါသည်။ ခင်ပွန်းဖြစ်သူ ရှာဖွေထားသော ဥစ္စာပစ္စည်းများ လေလွင့်ဖြုန်းတီးမှုများ မဖြစ်စေရေး၊ အိမ်ရှင်မ၏ အိမ်ထောင်ထိန်းသိမ်းမှု ကျွမ်းကျင်လိမ္မာမှု ရှိစေရေးကို ရည်ရွယ်၍ သတိပေး လမ်းညွှန်ခဲ့ခြင်း ဖြစ်ဟန် တူပါသည်။ အိမ်ထောင်တစ်ခု၏ စီးပွားဥစ္စာ တိုးတက်တည်မြဲမှု သာယာချမ်းမြေ့မှုများသည် အိမ်ရှင်မ အပေါ်တွင် တည်မှီနေကြောင်း ပြဆိုထားသော စကားပုံများ ဖြစ်ပါသည်။

အိမ်ထောင်တစ်ခုကို တည်ဆောက်မည်ဆိုပါက သေချာစွာ စဉ်းစားဆုံးဖြတ်သင့်ကြောင်း၊ စဉ်းစားဆုံးဖြတပြီး တည်ထောင်ထားသော အိမ်ထောင်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ သာယာမှု ရှိရေး အစရှိသည်တို့သည် အိမ်ရှင်မ၏ စီမံမပေါ်တွင် တည်မှီနေကြောင်း လမ်းညွှနထားသော စကားပုံ များ ဖြစ်ပါသည်။ ထိုအသိပေး လမ်းညွှန်ချက်များကို စဉ်ဆက်အလိုက် ထိန်းသိမ်းလိုက်နာကြသည်ကို တွေ့ရပါသည်။

## ၂၊ ၃။ မိဘဆရာနှင့်စပ်လျဉ်းသော ယုံကြည်မှုဓလေ့ထုံးတမ်းများ

မြန်မာလူမျိုးများသည် ဘုရား၊ တရား၊ သံဃာကို ရတနာသုံးပါးဟု ယူဆကာ ကိုးကွယ် ဆည်းကပ် ပါသည်။ ထို့အတူ မိဘနှင့်ဆရာကို ရတနာသုံးပါးတွင် ထည့်သွင်း ရေတွက်ကာ အနန္တော အနန္တ ငါးပါးဟု ရိုသေလေးစားကြပါသည်။ မိဘတို့၏ ကျေးဇူးတရားကို

မိဘကျေးဇူး မြင်မိုရ်ဦး[၂]

မိဘစကား နားထောင်ပြား သံပြားကျောက်စောင်း ကျုသော်ပျောင်း[၃]

လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ[၄]

ဟူသော ဆိုရိုးစကားများနှင့် လမ်းညွှန်ထားပါသည်။

မိဘများသည် သားသမီးများကို သိနားလည်သည့် အရွယ်မှစတင်ကာ ကောင်းကျိုး ဆိုးပြစ် များ၊ ရတနာသုံးပါးကို ရိုသေလေးစား ကြည်ညိုတတ်စေရန် သင်ကြားပေးသော လက်ဦးဆရာများ ဖြစ်သည်။ မိမိတို့၏ သားသမီးများကို လောကအလယ်တွင် မျက်နှာပန်းလှပရေး၊ ဂုဏ်တင့်တယ် စေရေးအတွက် အသိပညာများ ညွှန်ပြသင်ကြားပေးသူများလည်းဖြစပါသည်။ လောကအလယ် လျှောက်လှမ်းရသည့်အခါများတွင်လည်း လောကအကျိုး ဆောင်သောသူ ဖြစ်ရေးအတွက် ညွှန်ကြား ဆုံးမပေးကြပါသည်။

လမ်းညွှန်မှုကောင်းများ၊ နည်းလမ်းကောင်းများ ညွှန်ပြပေးသော မိဘများ၏ လမ်းညွှန်ဆုံးမ စကားများကို နားထောင်ပါက မိမိသွားရမည့် ခရီးလမ်းတွင် သံပြားကျောက်စောင်းများနှင့် တူသော

[၁] –ယင်း–၊ ၈၈။
[၂] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၁၆၂။
[၃] –ယင်း– ။
[၄] –ယင်း–၊၂၁၉။

အန္တရာယ်ရှိနေစေကာမူ မိဘများ မေတ္တာ၊ စေတနာ၊ ဂုဏ်ကျေးဇူးများကြောင့် ပျော့ပျောင်းသွားသည်။ ဤသည်ကို “မိဘစကား နားထောင်ပြား သံပြားကျောက်စောင်း ကျသော်ပျောင်း”ဟု ဆုံးမ လမ်းညွှန် ခဲ့ကြပါသည်။ မိဘများ၏ သားသမီးအပေါ်ထားသော မေတ္တာစေတနာများကို မြင်ယောင်လာစေသော ဆိုရိုးစကားပင် ဖြစ်ပါသည်။

မိဘများ၏ သားသမီးအပေါ်ထားသော မေတ္တာတရားသည် ကြီးမားလှပါသည်။ ထိုကြီးမားမှုကို သိမြင်စေရန် မြင်မိုရ်တောင်နှင့် နိုင်းနိူင်းကြပါသည်။ မိဘတို့သည် သားသမီအပေါ်ဆိုးလျှင်လည်း ဆိုးသည့်အလျောက် လိမ္မာလျှင်လည်း လိမ္မာသည့်အလျောက် ချစ်ခင်မြတ်နိုးကြပါသည်။ ထိုသို့သော မေတ္တာအနန္တထားရှိသော မိဘတို့၏ ကျေးဇူးတရားကို “မိဘကျေးဇူးမြင်မိုရ်ဦး”ဟု ဆိုစမှတ်ပြုခဲ့ကြပါ သည်။ မိဘတို့သည် သားသမီးတို့၏ လက်ဦးဆရာများပင် ဖြစ်ပါသည်။ သားသမီးများ နားလည် သိတတ်သည့် အချိန်မှစ၍ ကံသုံးပါး အမူအရာ ယဉ်ကျေးလိမ္မာစေရန် သွန်သင်ဆုံးမခဲ့ကြသည်။ ဤသည်ကို “လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ ” ဟု အသိပေးလမ်းညွှန်ခဲ့ကြပါသည်။

လက်ဦးဆရာများ ဖြစ်သော မိဘတို့သည် မိမိတို့၏ ရင်သွေးများကို ဆိုးလျှင်လည်း ဆိုးသည့် အလျောက်၊ လိမ္မာလျှင်လည်း လိမ္မာသည့်အလျောက် ချစ်မြတ်နိုးကြပါသည်။ မည်သည့် သားသမီးထံမှ တုံ့ပြန်လာမည့်၊ ပြန်လည်ပေးအပ်မည့်အရာများက မျှော်ကိုးကာ ပေးဆပ်ခဲ့ကြခြင်းမဟုတ်ပါ။ ထို ကဲ့သို့သော စုန်ရေမေတ္တာကို “တောင်းဆိုး၊ ပလုံးဆိုးသာ ပစ်ရိုးထုံးစံ ရှိသည်။ သားဆိုး သမီးဆိုးကို ပစ်ရိုးထုံးစံမရှိ”[1] ဟု ပေါ်လွင်စွာ ဆိုစမှတ်ပြုခဲ့ကြသည်။ သိလွယ်မြင်လွယ်သော ဆိုရိုးစကား ဖြစ်ပါ သည်။ မည်မျှပင် မလိမ္မာသော သားသမီး ဖြစ်နေပါစေ မိဘ၏ ချစ်မေတ္တာသည် လျော့ပါးသွားခြင်း မရှိပါ။ မိဘများ၏ သားသမီးအပေါ် ပြုစုယုယ စောင့်ရှောက်ပေးခြင်းသည် တာဝန်ဝတရားအရ ဝတ်ကျေတန်းကျေ ပြုလုပ်ပေးခြင်း မဟုတ်ပါ။ တုံ့ပြန်လာမည့် ကျေးဇူးတရားက ရည်မျှော်၍လည်း မဟုတ်ပါ။ ရင်ထဲနှလုံးသားထဲက စိမ့်ထွက်လာသော မေတ္တာတရားနှင့် ပြုမူဆောင်ရွက်ပေးကြခြင်းသာ ဖြစ်သည်။

လက်ဦးဆရာများကို ရိုသေမြတ်နိုး တန်ဖိုးထားသကဲ့သို့ မိမိတို့၏ သင်ဆရာ၊ မြင်ဆရာ၊ ကြား ဆရာများကိုလည်း ရိုသေလေးစားကြပါသည်။ လောကရှိ လူသားများတွင် ဆရာများ ရှိပါသည်။ ထိုဆရာများ၏ ဂုဏ်ကို “ဆရာမပြ နည်းမကျ” ဟူသော စကားပုံဖြင့် ပြဆိုထားပါသည်။ အတွေ့အကြုံ ကောင်းများနှင့် တတ်ကျွမ်းနားလည်မှု ရှိသော ဆရာများ၏ သွန်သင်လမ်းပြမှုကို ခံယူသင့်ပါသည်။ ထိုသို့ မခံယူပါက နည်းလမ်းမကျ ဖြစ်တတ်သည်။ မှန်ကန်သော နည်းလမ်းဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိ ပါက လုပ်ငန်းခွင်တွင် အမှားတွေ့တတ်ပါသည်။ ထိုသို့ ဖြစ်တတ်သည်ကို “ဆရာမပြ နည်းမကျ”[2] ဟူသော စကားပုံဖြင့် ပြဆိုထားပါသည်။ အတွေ့အကြုံကောင်းများ ရှိသော ဆရာများထံတွင် နည်းနာခံ ယူရပါမည်။ ဆရာကောင်း၏ သင်ပြဆုံးမခံရသော တပည့်သည် အရည်အချင်း ပြည့်ဝ၍ လူပုံအလယ် တွင်

---

[1] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၈၆။
[2] -ယင်း-၊ ၆၄။

တင့်တယ်စွာ နေရတတ်ပါသည်။ ထိုကဲ့သို့ လောကအလယ်တွင် ဝင့်ထည်စွာ နေရပုံကို "ဆရာကောင်းတပည့် ပန်းကောင်းပန်"[၁] ဟူသော ဆိုရိုးစကားဖြင့် လမ်းညွှန်ထားပါသည်။

ဆရာကောင်းကို ဆည်းကပ်ရသူသည် လောကအလယ်တွင် တင့်တယ်စွာ နေထိုင်ရတတ်သည် ကို လမ်းညွှန်ထားသကဲ့သို့ ဆရာကောင်းကို မမှီ၊ မဆည်းကပ်သူသည် ရိုင်းတတ်သည်ကို "ဆရာ လွတ်တော့ရိုင်း မျဉ်းလွတ်တော့ကိုင်း"[၂] ဟူသော ဆိုရိုးစကားဖြင့် ဆုံးမထားပါသည်။ လူသားတို့ အတွက် ဆရာသည် အရေးပါပါသည်။ အဇာတသတ်မင်းသားသည် ဆရာတင်မှားခဲ့သဖြင့် ဆရာ ကောင်းမဟုတ်သူကို ဆရာအဖြစ တင်မြှောက်မိသဖြင့် ဖခင်ကို အသက်သေဆုံးစေသည်အထိ ရိုင်းပျ ခဲ့သည်။ ဆရာ တင်မှားသည့်ပြစ်ဒဏ်၊ မိဘကို ပြစ်မှားမိသည့် ပြစ်ဒဏ်များကို အဇာတသတ် မင်းသားသည် ငရဲကျခြင်း ဟူသည့် အပြစ်ကို ခံစားနေရပါသည်။

မိဘများသည် လက်ဦးဆရာများ ဖြစ်၍ ဆရာများသည် ဒုတိယမိဘများ ဖြစ်ပါသည်။ ဆရာများသည် တပည့်များ၏ ရှေ့ဆောင်လမ်းပြများ ဖြစ်ပါသည်။ ဆရာများ၏ ကျေးဇူးတရားသည် ကြီးမားပါသည်။ ဆရာများ၏ ကျေးဇူးတရားကို ဆပ်သည့်အနေဖြင့် ဆရာတို့၏ ဆုံးမမှု၊ လမ်းညွှန်မှု များကို အစဉ်သတိရနေသင့်ပါသည်။ လိုက်နာကျင့်ကြံ သင့်ပါသည်။ မျက်ကွယ်ရောက်သည်နှင့် မမေ့ သင့်ပါ။ ဆရာ၏ ကျေးဇူးတရားကို မျက်ကွယ်မပြုသင့်ကြောင်း၊ ဂုဏ်ကျေးဇူးများကို ထုတ်ဖော် ပြောကြားသင့်ကြောင်းကို "ဆရာကာပြန် အာခေါင်လုံ့စူး"[၃] ဟူသော စကားပုံဖြင့် ညွှန်ပြထားပါသည်။ ဗျိုင်းထံမှ ပညာရကာ တင့်တယ်ခဲ့သော ဗျိုင်းကို ဆရာအဖြစ် အသိအမှတ်ပြု ထုတ်ဖော် မပြောလိုသော လုံ့သမားသည် အာခေါင်လုံ့စူးကာ သေဆုံးခဲ့ရသည်။ ထိုအဖြစ်ဆိုးကို သာဓကထားဆင်ခြင်ကာ ဆရာ၏ ကျေးဇူးကို သိတတ်သူအဖြစ် လောကအလယ်တွင် ဝင့်ထည်စွာ နေထိုင်နိုင်ရန်အတွက် အသိပေး ဆုံးမခဲ့ခြင်း ဖြစ်ဟန် တူပါသည်။

သားသမီးမကောင်း မိဘခေါင်း ဆိုသကဲ့သို့ တပည့်မလိမ္မာပြီး မိုက်မှားပါက ဆရာ သင်ပြမှု မကောင်းသောကြောင့်ဟု ပြောဆိုတတ်ကြပါသည်။ ဤကဲ့သို့သော အဖြစ်မျိုး မကျရောက်စေရန် "တပည့်မကောင်း ဆရာ့ခေါင်း"[၄] ဟူသောစကားပုံဖြင့် အသိပေးထားပါသည်။ ထို့အတူ တပည့်ကောင်း၊ တပည့်လိမ္မာများ လိမ္မာပါးနပ်စွာ ဆောင်ရွက်သဖြင့် လူကြီးမိဘဆရာများ အပြစ်မှ လွတ်ကင်းရသည် ကို "တပည့်လိမ္မာ ဆရာအာပတ်လွတ်"[၅] ဟု အသိပေး လမ်းညွှန်ခဲ့ကြပါသည်။ ဆရာနှင့်တပည့် အပြန် အလှန် တစ်ဦး၏အကျိုးကို တစ်ဦးက စေတနာ မေတ္တာဖြင့် ဆောင်ရွက်ပေး စသည်တို့ကို ပေါ်လွင်စေ သော စကားပုံများ ဖြစ်ပါသည်။

မိဘနှင့် ဆရာတို့သည် တပည့်သားသမီးများ၏ ရှေ့ရေးကို မျှော်တွေးကာ ဆုံးမသွန်သင် လမ်းညွှန်ခဲ့ကြပါသည်။ ထိုသို့ ပြုလုပ်ရာတွင် တုံ့ပြန်လာမည့် အရာဝတ္ထုပစ္စည်းများကို မမျှော်ကိုး၊

[၁] -ယင်း-။
[၂] -ယင်း-၊ ၆၅။
[၃] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၆၃။
[၄] -ယင်း-၊၈၆။
[၅] -ယင်း-။

စေတနာ၊ မေတ္တာအရင်းခံကာ ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။ မိဘ၊ ဆရာတို့၏ စုန်ရေမေတ္တာကို သားသမီး တပည့်များကလည်း သိရှိနားလည်ကြပါသည်။ နားလည်သည့်အလျောက် တုံ့ပြန်မေတ္တာ ထားကြပါသည်။ မြန်မာနှစ်သစ်ကူးနှင့် သီတင်းကျွတ်တို့တွင် မိဘနှင့် ဆရာတို့ကို ရိုသေစွာ ကန်တော့ ကြပါသည်။ ဤအလေ့သည် မြန်မာလူမျိုးများ လက်ခံကျင့်သုံးလာသော ယုံကြည်မှုဆိုင်ရာ ဓလေ့ ထုံးတမ်းပင် ဖြစ်ပါသည်။

## ၂၊ ၄။ မျိုးရိုးနှင့်စပ်လျဉ်းသော ယုံကြည်မှုဓလေ့ထုံးတမ်းများ

လူတို့သည် ကျောင်းနေစဉ်အရွယ်မှစ၍ ပေါင်းသင်းဆက်ဆံရေး စခဲ့သည်ဟု ဆိုနိုင်ပါသည်။ ပေါင်းသင်းဆက်ဆံရာတွင် မိမိနှင့် မိတ်ဆွေဖွဲ့ပေါင်းသင်းမည့်သူ အကျင့်စာရိတ္တ၊ မျိုးရိုးသည် ကောင်းမွန်ရန် လိုအပ်ပါသည်။ မျိုးရိုးစဉ်ဆက် အကျင့်စာရိတ္တ ကောင်းမွန်ပါက လူမှုကိစ္စများ ဆောင်ရွက်ရာတွင် အရေးပါမည်ဖြစ်သည်။ မြန်မာတို့သည် လူမှုကိစ္စများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပေါင်းသင်း ဆက်ဆံရာတွင်လည်းကောင်း မျိုးရိုးစဉ်ဆက်ကို ကြည့်၍ ဆုံးဖြတ်တတ်ကြပါသည်။ ထို့ကြောင့် “ချောင်းရိုး မြောင်းရိုးသာ တိမ်ကောသည် လူမျိုးမတိမ်ကော” [၁] ဟူသော ဆိုရိုးစကားဖြင့် အသိပေး ထားပါသည်။ ချောင်းများ မြောင်းများသည် နှစ်ကာလကြာသည့်အခါတွင် တိမ်ကော ပျောက်ကွယ်လေ့ ရှိပါသည်။ လူတို့၏ မျိုးရိုးဗီဇသည် တိမ်ကောပျောက်ကွယ် သွားခြင်း မရှိပါ။ မျိုးရိုး စဉ်ဆက် လိုက်တတ်ပါသည်။ လူတို့တွင် မျိုးရိုးသည်အရေးပါကြောင်းကို “ကြက်မှာအရိုး လူမှာအမျိုး”[၂] ဟူသော ဆိုရိုးစကားဖြင့် လမ်းညွှန်ထားပါသည်။ ကြက်၏ အခွပ်ကောင်းခြင်း၊ မကောင်းခြင်း၊ သတ္တိ ရှိခြင်း မရှိခြင်းတို့သည် မျိုးရိုးလိုက်သကဲ့သို့ လူတစ်ဦး၏ အကျင့်စရိုက်သည်လည်း မျိုးရိုးလိုက်တတ် ကြောင်းကို တိုက်ကြက်များ၏ မျိုးရိုးလိုက်တတ်ပုံကို လူအများအလေးထားပုံနှင့် ဥပမာဆောင်ကာ အသိပေးထားပါသည်။

လူတို့တွင် မျိုးရိုးသည် အရေးကြီးပါသည်။ မိဘ ဘိုးဘွားတို့၏ ပြုမူဆောင်ရွက်တတ်သော ဗီဇ သည် သားသမီးမြေးမြစ်များထိ လိုက်တတ်ပါသည်။ မျိုးကောင်း မျိုးသန့် မဟုတ်သော မျိုးစေ့မှ ပေါက်သော အပင်သည် သန်စွမ်းဝေဆာခြင်း မရှိသကဲ့သို့ မျိုးရိုးဇာတိအနေနှင့် မကောင်းမွန်ပါက သားမြေးစဉ်ဆက်အထိ ညံ့ဖျင်းတတ်သည့် သဘောကို “မျိုးစေ့မမှန် ပင်မသန်”[၃] ဟူသော စကားပုံဖြင့် အသိပေးထားပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်သူများသည် မျိုးကိုအလေးထားသကဲ့သို့ လူတို့သည် မိမိ နှင့် ပေါင်းဖော်မည့်သူ၏ မျိုးရိုးကို လေ့လာအကဲခတ်ကြသည်မှာ အစဉ်အလာတစ်ရပ်ကဲ့သို့ပင် ဖြစ်နေ ပါသည်။

လူ၏ဘဝ တိုးတက်ဆုတ်ယုတ်မှုသည် ကာယကံရှင်အပေါ်တွင်သာမက အပေါင်းအသင်းပေါ် တွင်လည်း တည်မှီတတ်ပါသည်။ မိမိနှင့်ပေါင်းသင်းသောသူ၏ ညံ့ဖျင်းသော စရိုက်လက္ခဏာများသည် မိမိကိုပါ ရိုက်ခတ်တတ်သဖြင့် ရွေးချယ်ပေါင်းသင်းတတ်ရန် လိုအပ်ကြောင်း လမ်းညွှန်ခဲ့ကြပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၃၄။
[၂] –ယင်း–၊၂၁။
[၃] –ယင်း–၊ ၁၉၉၁၊ ၁၈၅။

## ၂၊ ၅။ ကျေးဇူးတရားနှင့်စပ်လျဉ်းသော ယုံကြည်မှုဓလေ့ထုံးတမ်းများ

မြန်မာလူမျိုးများတွင် ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်းသည် သူတော်ကောင်းတို့ စရိုက် လက္ခဏာအဖြစ် ယုံကြည်ကြပါသည်။ ကျေးဇူးတရားသည် မိမိကသာ တင်ရှိ နေတတ်သော တစ်ဖက်သတ်တင်ရှိခြင်းမျိုး မဟုတ်ပါ။ အပြန်အလှန် သဘောရှိ တတ်ပါသည်။ ထိုသို့ ရှိသည့်အနက် မိမိအပေါ် တင်ရှိနေသော ကျေးဇူးတရားကို အလေးထား မှတ်သားလေ့ ရှိကြပါသည်။

သူတစ်ပါးကျေးဇူးတရားကို သိမှတ်ထားရန် "တစ်လုတ်စားဖူး သူ့ကျေးဇူး"[၁] ဟူသော ဆိုရိုးစကားဖြင့် ဆုံးမခဲ့ကြပါသည်။ သတစ်ပါးက ထမင်းတစ်လုတ် ဟင်းတစ်ဖတ် ကျွေးခဲ့ဖူးလျှင် ထိုသူသည် မိမိ၏ ကျေးဇူးရှင်ပင် ဖြစ်သည်။ အနည်းငယ်မျှ ကူညီစောင့်ရှောကပေးခဲ့လျှင်ပင် ထိုသူ၏ကျေးဇူးတရားသည် မိမိအပေါ်တွင် တငရှိနေပြီ ဖြစ်ပါသည်။ ရယူထားသော ကျေးဇူးတရားများကို နည်းသည်များသည်ဟု မထင်မှတ်ကောင်းပါ။ ပေးဆပ်ထားသော ကျေးဇူးတရားများကို အစဉ်အောက်မေ့ သတိရနေရမည် ဖြစ်ပါသည်။

မိမိအပေါ်တွင် သူတစ်ပါး၏ ကျေးဇူးတရား တင်ရှိနေပါက ပြန်လည်၍ ဆပ်ရမည် ဖြစ်သည်။ အခါအခွင့်မသင့်၍ မဆပ်နိုင်သည်ရပါက စိတ်တွင် အောက်မေ့နေရမည် ဖြစ်ပါသည်။ ရယူထားသော ကျေးဇူးတရားကိုမသိ မဆပ်ဘဲ နေသူများလည်း ရှိပါသည်။ ထိုသို့သော သူများအတွက် ရည်ရွယ်၍ "အရိပ်နေနေ အခက်ချိုးချိုး"[၂] ဟူသော စကားပုံ ပေါ်ပေါက်လာဟန်တူပါသည်။ မိမိ လိုအပ်သော အချိန်တွင် ခိုနားခဲ့သော သစ်ပင်၏ အကိုင်းအခက်များကို ဖျက်ဆီးသကဲ့သို့ မိမိ၏ ကျေးဇူးရှင်အား နစ်နာအောင် ကြံဆောင်ပြုမူသော သူများကို ရည်ညွှန်းသော စကားပုံ ဖြစ်ပါသည်။ ထိုနည်းတူပင် "သားရေပေါ်အိပ် သားရေနားစား"[၃] ဟု ရင့်သီးစွာ ပြောကြပါသည်။ ကျေးဇူးမသိတတ်ခြင်းကို ပေါ်လွင် စေသော စကားပုံများ ဖြစ်ပါသည်။

သူတစ်ပါး၏ ကျေးဇူး မိမိအပေါ်တွင် တင်ရှိနေသည်ကို သိသော်လည်း ထိုကျေးဇူးအား ပြန်လည်ဆပ်ရန် ခက်ခဲနေခြင်းကို "ကျေးဇူးတင်လျက် အဆပ်ခက်" ဟု ဖော်ပြထားပါသည်။ ထိုသို့ ဆပ်ရန် ခက်နေသော်လည်း ထိန်ချန် မထားသင့်ကြောင်းကို "သူ၏ကျေးဇူး မထိမ်မြုံးနှင့် ထိမ်မြုံး သောသူ မီးလိုပူ၏" ဟူသော ဆိုရးစကားနှင့် ဆုံးမအသိ ပေးထားပါသည်။ တင်ရှိနေသော ကျေးဇူး တရားကိုဆပ်နိုင်ရန်ကြိုးစားသင့်ကြောင်း၊ မဆပ်နိုင်သည်ရှိသော် ကျေးဇူးဂုဏ်ကို ဖော်ထုတ်ချီးကျူးကာ မိမိကို နှုတ်အားဖြင့်လည်းကောင်း ကိုယ်အားဖြင့်လည်းကောင်း စောင့်ရှောက်ကူညီသော သူများ၏ ကျေးဇူးတရားက အလေးထားသင့ပါသည်။ ကျေးဇူးပြုဖူးသောသူအား ကျေးဇူးဆပ်ခြင်း သူတစ်ပါး၏ ကျေးဇူးကို အောက်မေ့သတိရခြင်းများသည် မင်္ဂလာတရားနှင့်အညီ နေထိုင်ခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါ သည်။

## ခြုံငုံသုံးသပ်ချက်

---

[၁] –ယင်း–၊ ၁၉၉၆၊ ၉၁။
[၂] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၂၈၃။
[၃] –ယင်း–၊ ၂၄၂။

မြန်မာ့ယဉ်ကျေးမှုတည်းဟူသော ပင်စည်ကြီးတွင် စကားပုံ၊ ဆိုရိုးစကားလာ မြန်မာ့ထုံးတမ်းစဉ်လာများသည်လည်း အကိုင်းအခက်များအဖြစ် ပါဝင်ပါသည်။ လူမျိုးတစ်မျိုးသည် မိမိတို့ နေထိုင်ရာ ဒေသ အလျောက် ဆက်ဆံရသည့်ပတ်ဝန်းကျင်၊ အတွေးအခေါ်၊ ဓလေ့စရိုက်နှင့် ရိုးရာယဉ်ကျေးမှု စသည်တို့ ပေါ်တွင် အခြေခံ၍ စကားပုံများ၊ ဆိုရိုးစကားများ ပေါ်ပေါက်လာပါသည်။

မြန်မာများသည် ဗုဒ္ဓ၏အဆုံးအမများနှင့် တပည့်သံဃာများ၏ အဆုံးအမများကို အားကိုးအားထားပြုကြပါသည်။ ထိုသို့အားကိုးအားထား ပြုသည့်အတွက် သူတို့ပေါင်းသင်းဆက်ဆံရေးတွင် မှန်ကန်သော အတွေးအခေါ် ယုံကြည်မှုရှိစေရန် စကားပုံများ၊ ဆိုရိုးများက အနက်အဓိပ္ပာယ် ထိရောက် စွာဖြင့် ဦးဆောင်မှုပေးသည်ကို တွေ့ရှိရပါသည်။ စကားပုံများနှင့် ခိုင်းနှိုင်းကြရာတွင် ဘာသာရေး ဆိုင်ရာ စကားပုံများလည်း ပါဝင်ပါသည်။ စကားပုံများဖြင့် အသိပေး လမးညွှန်ခဲ့ကြသဖြင့် နှောင်းလူ များအတွက် လောကုတ္တရာဆိုင်ရာ ယုံကြည်လိုက်နာမှုများအပြင် လောကီဆိုင်ရာ လိုက်နာမှုများ အသိ အမြင်များ တိုးပွားစေပါသည်။

ဘာသာရေးနှင့် စပ်လျဉ်းသော စကားပုံများတွင် ရတနာသုံးပါးကို ရိုသေစွာ ကိုးကွယ် ဆည်းကပ်ပါက ပစ္စုပ္ပန်တွင်သာမက သံသရာတွင်ပါ မြတ်သော အကျိုးတရားများကို ခံစားရရှိနိုင်ကြောင်း ယုံကြည်ကြသည့် မြန်မာ့ယဉ်ကျေးမှုစဉ်လာကို တွေ့ရှိရပါသည်။ ထို့ပြင် မိဘဆရာနှင့် စပ်လျဉ်းသော စကားပုံများတွင် သားသမီးနှင့်တပည့်များ လောကအလယ်တွင် တင့်တယ်စွာ ရပ်တည် နိုင်ရန်အတွက် စေတနာရှေ့ထားကာ မေတ္တာတရားနှင့် လမ်းညွှန်မှုများ ပေးခဲ့ကြပါသည်။ စည်းကမ်း ရှိသော၊ တာဝန်ယူရဲသော ကျေးဇူးသိတတ်သောသူများအဖြစ် နေထိုင်နိုင်ရန် လိုက်နာကျင့်သုံးခဲ့ကြ သော ယဉ်ကျေးမှု ဓလေ့ထုံးတမ်းက တွေ့ရှိရပါသည်။

ဆရာများသည် တပည့်တို့၏ အနာဂတ် သာယာရေးသည် မိမိတို့အပေါ်တွင် တည်မှီနေကြောင်း ခံယူထားသည်။ မြန်မာ့လူမှုဝန်းကျင်တွင် ဆရာများ၏ ဆုံးမမှုကို လိုက်နာပါက ကောင်းကျိုးများ ခံစားရမည်ဟု ယုံကြည်ကြပါသည်။ ဆရာများ၏ ကျေးဇူးကို သတိရအောက်မေ့ခြင်း အားဖြင့် ကျေးဇူးဆပ်ရာရောက်ကြောင်း၊ မိမိ၏ဆရာဖြစ်သူကို ထုတ်ဖော်ပြောကြားသင့်ကြောင်းများ သည် အစဉ်အဆက် ထိန်းသိမ်းလာသော ယဉ်ကျေးမှုအစဉ်အလာတစ်ရပ် ဖြစ်ပါသည်။

မြန်မာများသည် အိမ်ထောင်ပြုမည်ဆိုပါက စဉ်းစားဆုံးဖြတ်ပြီးမှ ပြုလေ့ရှိကြပါသည်။ ပြုပြီး သောအခါတွင် အိမ်ထောင်သက်မရှည်ခြင်း၊ မမြဲခြင်း မဖြစ်လိုကြပါ။ ထင်းပုံခေါင်းချသာ ပေါင်းသင်း လိုကြပါသည်။ သားသမီးများ ရှိလာသောအခါတွင် ခင်ပွန်းနှင့် သားသမီးများအပေါ် "သားကိုသခင် လင်ကိုဘုရား" အဖြစ် မြတ်နိုးခြင်း၊ ချစ်ခင်ခြင်း သဘောများနှင့် ပြုစုယုယလေ့လည်း ရှိကြပါသည်။ မြန်မာ့အိမ်ထောင်ရေးတွင် လက်ခံကျင့်သုံးနေသော ဓလေ့များ ရှိပါသည်။ တစ်လင်တစ်မယားစနစ် မပြုကြဲအောင် စောင့်ရှောက်နေထိုင်မှုများ ရှိကြပါသည်။ ထိုသို့ စောင့်ရှောက်ရာ၌ နှစ်ဦးနှစ်ဘက်တွင် တာဝန်ရှိပါသည်။ အိမ်ထောင်တစ်ခု၏ စီးပွားရေး၊ အိမ်တွင်းရေး၊ လူမှုရေး စသည့်ကိစ္စများတွင် သူ့တာဝန်နှင့်သူ ခွဲဝေယူပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ စာနာမှုများနှင့် နေထိုင်စောင့်ရှောက်လေ့ ရှိကြပါသည်။

ပေါင်းသင်းဆက်ဆံရေးမှစ၍ အိမ်ထောင်ပြုခြင်းအထိ မျိုးရိုးဗီဇကို ကြည့်တတ်ကြသည်မှာ မြန်မာတို့၏ ဓလေ့ထုံးတမ်းတစ်ခုဟုပင် ခေါ်ဆိုနိုင်ပါသည်။ မျိုးရိုးသည် လူမှုရေး၊ စီးပွားရေး စသည် တို့တွင် အရေးပါပါသည်။ မိမိတို့၏ ဘိုးဘွားစဉ်ဆက် ထိန်းသိမ်းခဲ့သော မျိုးရိုးဂုဏ်ကို မိမိတို့၏ လက်ထက်တွင် ကျဆင်းတိမ်ကောခြင်းမရှိရလေအောင် ထိန်းသိမ်းသင့်ကြောင်း၊ ယဉ်ကျေးမှု အစဉ် အလာများကို ကာကွယ်ထိန်းသိမ်းသင့်ကြောင်းများ တွေ့ရှိရပါသည်။ မိမိဘဝ တိုးတက်ရေးအတွက် အပေါင်းအသင်း မိတ်ဆွေများ ပေါင်းသင်းဆက်ဆံရာတွင် ထိုသူ၏ သိမ်ဖျင်းသော ဗီဇလုပ်ရပ်များ မိမိထံ ကူးစက်မှုမရှိစေရန် ထိန်းသိမ်းသင့်ကြောင်းများ လမ်းညွှန်ခဲ့ကြပါသည်။

လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် တစ်ဦးနှင့်တစ်ဦး ကိုယ်၊ နှုတ်တို့ဖြင့် စောင်မ ကြည့်ရှုသည့်အခါများ ရှိပါသည်။ ထုသို့ စောင့်ရှောက်ပေးခြင်းအားဖြင့် ထိုသူ၏ ကျေးဇူးသည် မိမိ အပေါ်တွင် တင်ရှိသွားပြီ ဖြစ်ပါသည်။ တင်ရှိထားသော ကျေးဇူးတရားကို ပြန်လည်ပေးဆပ်သင့် ကြောင်း မဆပ်နိုင်သေးသည်ရှိသော် အောက်မေ့သတိရကာ ဖော်ထုတ်သင့်ကြောင်း အသိပေး လမ်းညွှန် ထားသည်များကို တွေ့ရပါသည်။

ဤသို့ဖြင့် ရှေးဘိုးဘွားမိဘများသည် ဓလေ့ထုံးတမ်း စဉ်လာများကို နားလည်လက်ခံလာ အောင် စကားပုံများ၊ ဆိုရိုးစကားများဖြင့် အသိပေးလမ်းညွှန်ခဲ့ကြပါသည်။ ထို စကားပုံများ၊ ဆိုရိုးများ သည် အသိတရားများ ထွန်းလင်းစေသော၊ ယဉ်ကျေးမှုစဉ်လာများကို သိရှိလိုက်နာစေသော စကားပုံ များ၊ ဆိုရိုးများဖြစ်သကဲ့သို့ အစဉ်အဆက် လိုက်နာကျင့်သုံးသော ဓလေ့ထုံးတမ်းများလည်း ဖြစ်သည် ကို လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ဤစာတမ်းသည် စကားပုံ၊ ဆိုရိုးတို့မှ တွေ့ရှိရသော ယုံကြည်မှုဆိုင်ရာ ဓလေ့ထုံးတမ်းများကို အစဉ် အလာနည်းနာများဖြင့် လေ့လာတင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ ဤစာတမ်းသည် မြန်မာ့လူမှု အစဉ်အလာကို လေ့လာလိုသူတို့အတွက် အထောက်အကူပြုမည်ဟု ယုံကြည်မိပါသည်။ ထိုစကားပုံ၊ ဆိုရိုးတို့ကို ဆက်လက်၍ ဘာသာစကားရှုထောင့်မှ လေ့လာဖော်ထုတ်နိုင်ပါသည်။ ဤစာတမ်းနှင့် ပတ်သက်၍ လမ်းညွှန်ပေးခဲ့သော ကွယ်လွန်သူ ဆရာမကြီး ဒေါ်မိမိလေး (ပါမောက္ခ၊ မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်)နှင့် ဆရာ၊ ဆရာမများကို ကျေးဇူးတင်ရှိပါသည်။

## ကျမ်းကိုးစာရင်း


ပို၊ ဒေါ်။ (၁၉၈၁)။ *မြန်မာတိုင်းရင်းသားစကားပုံများ*၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၇၈)။ *မြန်မာအဘိဓာန်အကျဉ်းချုပ်*၊ အတွဲ–၁။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ *မြန်မာစကားပုံ*၊ ဒုတိယအကြိမ်။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၆)။ *မြန်မာဆိုရိုးစကားများ*၊ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ *မြန်မာအဘိဓာန်*၊ ဒုတိယအကြိမ်။ ရန်ကုန်၊ နေလင်းပုံနှပ်တိုက်။

စာပေဗိမာန်အဖွဲ့၊ (၁၉၅၆)။ *မြန်မာစွယ်စုံကျမ်း–တွဲ(၃)*၊ ရန်ကုန်။